www.burmeseclassic.com

[ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် ၇၃၁၇]

ပဌမအကြိမ်

အုပ်ရေ ၄၀၀၀

၁၉၇၄-နိုဝင်ဘာလ

အရောင်ရိုက် ကာသာမောင်ဝင်း ပုံနှိပ်တိုက်

ပုံနှိပ်သူ/ထုတ်ဝေသူ

ရွှေဟသာပုံနှိပ်တိုက် (၀၁၀၀) ၉၂၊ ၉၃-လမ်း၊ ရန်ကုန်တွင် ဦးကျော်ညွှန့်က တာဝန်ခံ ပုံနှိပ်၍ ဝင်းမော်ဦး စာပေ ဖြန့်ချိရေး (၀၂၂၃) အမှတ် ၅၁၁၊ ကုန်သည်လမ်း၊ ရန်ကုန်မှ ဦးတင်မောင်က ထုတ်ဝေသည်။

BURMESE CLASSIC .com

## မာတိကာ


| | | |
|---|---|---|
| ဆရာတော် အရှင်အရိယဓမ္မ၏ အတ္ထုပ္ပတ္တိ .... | | ၅ |
| မေးခွန်း အမှတ် | ၁ .... .... | ၂၆ |
| မေးခွန်း အမှတ် | ၂ .... .... | ၃၀ |
| မေးခွန်း အမှတ် | ၃ .... .... | ၄၆ |
| မေးခွန်း အမှတ် | ၄ .... .... | ၅၄ |
| မေးခွန်း အမှတ် | ၅ .... .... | ၆၆ |
| မေးခွန်း အမှတ် | ၆ .... .... | ၇၃ |
| မေးခွန်း အမှတ် | ၇ .... .... | ၈၆ |
| မေးခွန်း အမှတ် | ၈ .... .... | ၈၉ |
| မေးခွန်း အမှတ် | ၉ .... .... | ၉၁ |
| မေးခွန်း အမှတ် | ၁၀ .... .... | ၉၉ |
| မေးခွန်း အမှတ် | ၁၁ .... .... | ၁၀၅ |
| မေးခွန်း အမှတ် | ၁၂ .... .... | ၁၀၉ |
| မေးခွန်း အမှတ် | ၁၃ .... .... | ၁၃၃ |
| မေးခွန်း အမှတ် | ၁၄ .... .... | ၁၄၆ |
| မေးခွန်း အမှတ် | ၁၅ .... .... | ၁၄၉ |
| မေးခွန်း အမှတ် | ၁၆ .... .... | ၁၅၄ |
| မေးခွန်း အမှတ် | ၁၇ .... .... | ၁၅၈ |
| မေးခွန်း အမှတ် | ၁၈ .... .... | ၁၆၁ |
| မေးခွန်း အမှတ် | ၁၉ .... .... | ၁၆၅ |
| မေးခွန်း အမှတ် | ၂၀ .... .... | ၁၇၄ |
| မေးခွန်း အမှတ် | ၂၁ .... .... | ၁၇၉ |
| မေးခွန်း အမှတ် | ၂၂ .... .... | ၁၉၅ |
| မေးခွန်း အမှတ် | ၂၃ .... .... | ၁၉၈ |


www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်။ ဒကာကြီးမှာ ပညာအရည်အချင်းနဲ့ ပတ်သက်လို့ ဘွဲ့ဘယ်နှစ်ဘွဲ့ ရှိပါသလဲ။

ဒကာကြီး။ ပညာအရည်အချင်းနဲ့ ပတ်သက်လို့ တပည့်တော်ဘွဲ့ငါးဘွဲ့ ရထားပါတယ် ဆရာတော်။

ဆရာတော်။ အဲဒီဘွဲ့တွေကို ပြောပြစမ်းပါဦး ဒကာကြီး။

ဒကာကြီး။ ဒီဘွဲ့တွေကတော့ အယ်(မ်)အေ၊ ပီ အိပ်(ချ်)ဒီ၊ ဒီအက်(စ်)စီ၊ ဒီ လစ် (တ်) နဲ့ ဘားအက် (တ်) လောဘွဲ့များ ဖြစ်ပါတယ် ဆရာတော်။

ဆရာတော်။ ဒီ ဘွဲ့တွေကိုရအောင် ဒကာကြီး ဘယ်နှစ်နှစ်ကြာအောင် ကြိုးစားရသလဲ။

ဒကာကြီး။ ဒီဘွဲ့အားလုံးကို ရဖို့ရန် အနှစ်သုံးဆယ်လောက် ကြိုးစားခဲ့ရပါတယ် ဆရာတော်။

ဆရာတော်။ အခုနက ဒကာကြီး ပြောခဲ့တဲ့ ဘွဲ့ငါးဘွဲ့လုံးဟာ ဒကာကြီးမှာ ရှိသလား။

ဒကာကြီး။ တပည့်တော်မှာ ဒီဘွဲ့ငါးဘွဲ့လုံး ရှိပါတယ် ဆရာတော်။

ဆရာတော်။ ဒကာကြီးမှာ ဒီဘွဲ့ငါးဘွဲ့လုံးနဲ့ ပတ်သက်တဲ့ အရည်အချင်းတွေ ရှိမယ်ဆိုရင် အဲဒီ အရည်အချင်းတွေထဲက ဒီအက်(စ်) စီ (သိပ္ပံပညာပါရဂူဘွဲ့) ဘွဲ့ရဲ့ အရည်အချင်းတွေကို ရွေးထုတ်ပြီးတော့ ဦးပဉ္စင်းကို ပြစမ်းပါ။

ဒကာကြီး။ (ခေတ္တခဏမျှ စဉ်းစားပြီးနောက်) ဒီ သိပ္ပံပညာဘွဲ့နဲ့ ပတ်သက်တဲ့လက်မှတ်ကို တပည့်တော် ထုတ်ပြနိုင်ပါတယ် ဆရာတော်။



ဆရာတော်။ ဦးပဉ္စင်းက ဒကာကြီးဟာ ဒေါက်တာ အယ်(မ်)ဘောကာလို့ တိတိကျကျမပြောနိုင်ဘူး။ အဲဒီတော့ ဒကာကြီးက စာရွက်စာတမ်းတွေ၊ လက်မှတ်တွေကို ထုတ်ပြလို့ အပိုဘဲ။ ဦးပဉ္စင်း တိတိကျကျ လိုချင်တာကတော့ ဒကာကြီးမှာရှိတဲ့ ဒီ သိပ္ပံပညာပါရဂူဘွဲ့နဲ့ဆိုင်ရာ အရည်အချင်းတွေကိုသာ လိုချင်တာဘဲ။

ဒကာကြီး။ ဒီလို ဒီဘွဲ့နဲ့ဆိုင်တဲ့ အရည်အချင်းတွေကို သီးသန့်ထုတ်နုတ်ပြဖို့ကတော့ လုံးဝ မဖြစ်နိုင်ပါဘူး ဆရာတော်။

ဆရာတော်။ ဒကာကြီးပြောတဲ့အတိုင်းဆိုရင် ဒကာကြီး အခုနက ပြောခဲ့တဲ့ ဘွဲ့ငါးဘွဲ့နဲ့ ပတ်သက်တဲ့ အရည်အချင်းတွေ ဒကာကြီးမှာ မရှိဘူးလို့ဘဲ ဦးပဉ္စင်း ယူဆရတော့မှာပေါ့။

ဒကာကြီး။ အမှန်ကတော့ တပည့်တော်မှာ ဒီဘွဲ့ငါးဘွဲ့နဲ့ ပတ်သက်တဲ့ အရည်အချင်းတွေ ရှိပါတယ်ဆရာတော်။ ဗြိတိသျှ အစိုးရကတောင် ဒီအရည်အချင်းတွေ တပည့်တော်မှာ ရှိတယ်လို့ အသိအမှတ်ပြုထားပါတယ်။

ဆရာတော်။ ဒကာကြီးက အခုလို အခိုင်အမာပြောရင်ဖြင့် ဒကာကြီးရဲ့ အရည်အချင်းတွေဟာ ဒကာကြီးရဲ့ ဦးခေါင်းထဲမှာ ရှိတယ်ပေါ့။

ဒကာကြီး။ ဦးခေါင်းထဲမှာတော့ မရှိပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့် အသဲနှလုံးထဲမှာလား။

ဒကာကြီး။ အသဲနှလုံးထဲမှာလဲ မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့် ဝမ်းပိုက်ထဲမှာလား။

ဒကာကြီး။ ဝမ်းပိုက်ထဲမှာလဲ မဟုတ်ပါဘူး ဆရာတော်။

ဆရာတော်။ ဒါဖြင့် လက်ခြေတွေထဲမှာလား။

www.burmeseclassic.com



## မေးခွန်း အမှတ် ၁၆။

ဗုဒ္ဓသည် အချို့အမေးပုစ္ဆာတို့ကို အဘယ့်ကြောင့် မဖြေဆိုဘိသနည်း။

(မေးမြန်းလျှောက်ထားသူ ဝေဒကျော်း၊ နကွတ်ကျော်း၊ ပူရက်ကျော်း စသည့် ဟိန္ဒူကျောင်းဂန်တို့ကို ကျွမ်းကျင်သည့် ဗြဟ္မဏနွယ်ဝင် "ဗျာကတ်ရူကာလဂျ်"၊ ဘုံဘိုင်မြို့ ဖြေဆိုသူ ဆရာတော် အရှင်အရိယဝံသ။)

ဆရာတော် အရှင်အရိယဝံသ၊ ဗုဒ္ဓဟာ သူ့ခေတ် သူ့လက်ထက်အတွင်း ဘာသာအယူဝါဒအသီးသီးမှာ ပေါ်ပေါက်နေတဲ့ အလွန်ထင်ရှားတဲ့ အမေးပုစ္ဆာ (၁၄) ပုဒ်ကို သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓက ဖြေဆိုတော် မမူခဲ့ပါတော့ ဒီအမေးပုစ္ဆာတွေကို ဖြေဆိုလို့ အကျိုးမရှိဘူး။ ဒီအမေးပုစ္ဆာတွေရဲ့ အဖြေကို သိလို့လဲ မြင့်မြတ်တဲ့၊ အဝိဇ္ဇာကင်းတဲ့ဘဝကို ရောက်မသွားဘူး။ ပြီးတော့ ဒီအမေးပုစ္ဆာတွေဟာ အသိဉာဏ်ပညာ အရ အလွန်မြင့်မားလှတဲ့အတွက် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်မရောက်မချင်း ဘယ်သူမှလဲ နားမလည်နိုင်ဘူး။ နောက်ဆုံးအချက်ကတော့ ဗုဒ္ဓရှင်တော်မြတ်ဟာ သတ္တဝါတဦးတယောက်အတွက် အကယ် ကောင်းကျိုးသုခနဲ့ ပြည့်စုံတဲ့စကားမှသာ ဟောတော်မူလေ့ရှိတဲ့ အချက်ဘဲ။

သဗ္ဗညုတဉာဏ်တော်ရှင် ဗုဒ္ဓရှင်တော်မြတ်က မဖြေဆိုတဲ ထားခဲ့တဲ့ အမေးပုစ္ဆာ (၁၄)ခုကတော့—

၁။ (က) ကမ္ဘာကြီးသည် အစဉ် တည်မြဲသလော။ (ခ) မတည်မြဲဘဲ ပျက်စီးသွားသလော။ (ဂ) တည်လည်းတည်မြဲ



ပျက်စီးလည်း ပျက်စီးသနည်းလော။ (ဃ) မတည်လည်း မတည်မြဲ၊ မပျက်စီးလည်း မပျက်စီးဘူးလော။

၂။ (က) ကမ္ဘာကြီးသည် ကာလ အပိုင်းအခြားအားဖြင့် သက်တန်းရှိသလော။ (ခ) ကမ္ဘာကြီးသည် ကာလအပိုင်းအခြားအားဖြင့် သက်တန်းမရှိပြီလော။ (ဂ) ကမ္ဘာကြီးသည် ကာလအပိုင်းအခြားအားဖြင့် သက်တန်းလည်းရှိ၊ မရှိလည်း မရှိပြီလော။ (ဃ) ကမ္ဘာကြီးသည် ကာလအပိုင်းအခြားအားဖြင့် သက်တန်းရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ပြီလော။

၃။ (က) ဗုဒ္ဓသည် ပရိနိဗ္ဗာန်ပြုပြီးသည့် အခြားကာလ၌ ရှိသေးသလော။ (ခ) မရှိတော့ပြီလော။ (ဂ) ရှိလည်းရှိ၊ မရှိလည်း မရှိပြီလော။ (ဃ) ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ပြီလော။

၄။ (က) အသက်နှင့် ခန္ဓာကိုယ်ဟူသော တရားနှစ်ပါးသည် အတူတူပင်လော။ (ခ) ၎င်းတရားနှစ်ပါးသည် တကွဲတပြားစီလော။

ဒီ အထက်ပါ မေးခွန်းတွေနဲ့ပတ်သက်လို့ ပြောဆိုဖြေရှင်းရာမှာ ဗုဒ္ဓကိုယ်တော်တိုင် မဇ္ဈိမနိကာယ်ထဲမှာ ဟောတော်မူခဲ့တဲ့ အချို့ အချက်အလက်တွေကို အနည်းငယ်ကိုးကားပြီး ပြောလိုပါတယ်။ အဲဒီကိုးကားလိုတဲ့ ဗုဒ္ဓရဲ့ စကားတွေကတော့ "အကယ်၍ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင်က ပထမဆုံး ကမ္ဘာကြီးသည် ထာဝရတည်ရှိမည်လော၊ ခေတ္တယာယီမျှသာ တည်ရှိမည်လော။ ကမ္ဘာကြီးသည် အစအဆုံးရှိသည့် တရားလော၊ မရှိသည့်တရားလော။ အသက်နှင့် ခန္ဓာကိုယ်တို့သည် တခု

www.burmeseclassic.com

